# ကလေးသူငယ် ကာကွယ်ရေး မူဝါဒ

**Version 2**

**July 25, 2022**

## ၁။ မူဝါဒဆိုင်ရာ ဖော်ပြချက်

ကလေးသူငယ်များ၏ အခွင့်အရေးကို အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုမှု နှင့် ညှဉ်းပမ်းနှိပ်စက်မှု အမျိုးမျိုးတို့မှ အကာအကွယ်ပေးရမည်ကို ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ်က အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များနှင့် ထိတွေ့ဆက်ဆံနေသည့် လူပုဂ္ဂိုလ် တစ်ဦးချင်းနှင့် အဖွဲ့အစည်းများအနေဖြင့် ကလေးများပါဝင်သည့် ဆောင်ရွက်ချက် အမျိုးမျိုးတွင် ကလေးများကို အကာအကွယ်ပေးပြီး အန္တရာယ် မဖြစ် ရအောင် လုပ်ဆောင်ရပါမည်။

Equality Myanmar (EQMM)သည် ကလေးသူငယ်များ လုံခြုံစေရေးဆောင်ရွက်ပေးသော အဖွဲ့အစည်း ဖြစ်သည်။ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘော တူညီချက်အရ ကလေးသူငယ်တိုင်းသည် ညှဉ်းပမ်းနှိပ်စက်မှု၊ လျစ်လျူရှုမှု၊ ခေါင်းပုံဖြတ် မှု နှင့် ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံမှ ကင်းလွတ်ခွင့်ရှိသည်ဟု EQMM က ယုံကြည်ပါသည်။ ကလေးများသည် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ပိုင်ခွင့်ရှိ ပြီး ကလေးများ၏ အသက် အရွယ်နှင့် ရင့်ကျက်မှုပေါ် မူတည်ကာ သူတို့၏ သဘောထားများကို အသိအမှတ်ပြု ပေးနိုင်သည်ဟု သဘောတူညီချက်တွင် ဖော်ပြထားပါသည်။ EQMM ၏ အစီအစဉ်များ နှင့် လုပ်ဆောင်မှုများတွင် ပါဝင်သော ကလေးများအနေဖြင့် လုံခြုံဘေးကင်းသော၊ *ကလေးများကို အားပေးကူညီသော* ပတ်ဝန်းကျင်တွင် မွေ့လျော်ခြင်းဖြင့် အပြု သဘောဆောင်သော ပျော်ရွှင်ဖွယ်ကောင်းသော အတွေ့အကြုံကို ရရှိစေရန် ကြိုးစား လျက်ရှိပါသည်။

အဖွဲ့အနေဖြင့် ကလေးများအား ညှင်းပန်းနှိပ်စက်ခြင်း နှင့် လိင်မှုဆိုင်ရာ အကျိုးအမြတ် ထုတ်ခြင်းစသည့် ကလေးများအပေါ် အကြမ်းဖက်မှုများကို သီးခံမည်မဟုတ်ပါ။ ဝန်ထမ်းများ (အချိန်ပြည့်၊ အချိန်ပိုင်း၊ အကြံပေးနှင့် လုပ်အားပေးများ)၊ ကိုယ်စားလှယ် များ နှင့် ပူးပေါင်းလုပ်ကိုင်သည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများ (သို့) ကွန်ယက်အဖွဲ့ အစည်းများမှ ဝန်ထမ်းများက ထိုသို့ အကြမ်းဖက်ပါကလည်း လက်သင့်ခံမည် မဟုတ် ပါ။ အဆိုပါ အကြမ်းဖက်မှုများ မဖြစ်အောင် ကလေးများနှင့် လိုက်ဖက်ညီသော လိုအပ်သော ဆောင်ရွက်မှုများကို EQMM အနေဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ် သည်။

ငယ်ရွယ်သော ကလေးသူငယ်များ၊ တိုင်းရင်းသား လူနည်းစုများထံမှ ကလေးများ၊ နိုင်ငံမဲ့ ကလေးများ၊ ဒုက္ခသည် ကလေးများ၊ IDPကလေးများနှင့် မသန်စွမ်း ကလေး များသည် ညှင်းပန်းနှိပ်စက်ခြင်း နှင့် လိင်မှုဆိုင်ရာ အကျိုးအမြတ်ထုတ်ခြင်းကို ပို၍ ခံစားနေရသည်ကို EQMM က သိရှိပါသည်။ ကလေးများ၏ ကောင်းကျိုးကို မြှင့်တင် ရန်နှင့် ကလေးသူငယ် အခွင့်အရေးကို အကာအကွယ်ပေးရန် လက်တွေ့ကျသော သင့်လျော်သော အဆင့်များကို EQMM က ဆောင်ရွက်သွားပါမည်။

ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်မှုများအားလုံးအတွက် EQMM အနေဖြင့် အောက်ပါတို့ ကို ဆောင်ရွက်ပါမည်။

က။ ကလေးများ၏ အကျိုးစီးပွားအတွက် အဓိကဦးစားပေးရန်။

ခ။ ကလေးများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကို တိုးမြှင့် ကာကွယ်ပြီး ကလေးသူငယ်များ အပေါ် ညှင်းပန်းနှိပ်စက်မှု အန္တရာယ်ဖြစ်နိုင်ချေကို လျော့ချရန်။

ဂ။ ကလေးများပြောသည်ကို နားထောင်ပေးရန်၊ တန်ဖိုးထားရန်နှင့် လေးစားရန်။

ဃ။ ကလေးများ အပေါ် ညှင်းပန်းနှိပ်စက်ခြင်း နှင့် လိင်မှုဆိုင်ရာ အကျိုးအမြတ် ထုတ်ခြင်းစသည့် ကလေးများအပေါ် အကြမ်းဖက်မှုကို ဖြေရှင်းရန် နောက်ဆုံး အခြေအနေကို ပံ့မှန် ထောက်ကူပေးရန်၊ အတွေ့အကြုံများမျှဝေမှုနှင့် အကောင်း ဆုံး လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရန်။

င။ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင် အဖွဲ့အစည်းများမှ ဝန်ထမ်းများ အားလုံးက ကလေးများကို စောင့်ရှောက်ကာကွယ်ရမည့် ၎င်းတို့၏ အခန်း ကဏ္ဍ နှင့် တာဝန်များကို နားလည်သဘောပေါက်ရန်။ ကလေးများအပေါ် ညှင်းပန်း နှိပ်စက်မှုကို စောင့်ကြည့်၊ ဖော်ပြ၊ တုန့်ပြန်မည့် ကလေးများကို စောင့်ရှောက် ကာကွယ်ရမည့် အသိပညာနှင့် ကျွမ်းကျင်မှုကို ပိုမိုဖွံ့ဖြိုးစေရန် သင့်လျော်သော လေ့လာရေး အခွင့်အရေးများကို ဝန်ထမ်းများကို အဆက်မပြတ်ပေးရန်။

စ။ EQMM ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ဝန်ထမ်း များထံမှ ရနိုင်သော ဝန်ဆောင်မှုများကို ကလေးသူငယ်များနှင့် ၎င်းတို့ကို စောင့်ရှောက် သူများကို ပြောပြရန်နှင့် ပညာပေးရန်၊ အကယ်၍ ဝန်ထမ်းများကို တစ်စုံတစ်ရာ တိုင်တန်းလိုလျှင် တိုင်တန်းရမည့် လုပ်ထုံး လုပ်နည်းများကို ပြောပြပေးရန်။

ဆ။ ညှင်းပန်းနှိပ်စက်မှုအပေါ် သံသယရှိမှုနှင့် တောင်းဆိုမှုများကို အရေးတယူ

ဆောင်ရွက်ကာ သင့်လျော်သလို တုန့်ပြန်ပေးရမည်။

ဇ။ ကာကွယ်စောင့်ရှောက်မှုနှင့် ဆိုင်သော စိုးရိမ်ပူပန်မှုများအားလုံးကို လျှို့ဝှက်ထားပြီး အသေးစိတ်၊ တိတိကျကျမှတ်တမ်းတင် ထိန်းသိမ်းရမည်။

ဈ။ အလားအလာရှိသော ဝန်ထမ်းများနှင့် လုပ်ဖော်ကိုင်ဖက်များကို တင်းတင်း ကြပ်ကြပ် စစ်ဆေးပြီး မသင့်လျော်သောသူများ (သို့) ကလေးများအပေါ် ထိခိုက်စေမည့်သူများကို မခန့်အပ်ရန် (သို့) ဆောင်ရွက်မှုများတွင် မပါဝင်စေရန်။

## ၂။ မူဝါဒ၏ ရည်ရွယ်ချက်

ကလေးသူငယ် ကာကွယ်ရေး မူဝါဒသည် တူညီသော တန်ဖိုးများ၊ စည်းမျဉ်းများနှင့် ယုံကြည်မှုများ ချမှတ်ထားပြီး ကလေးများကို အကာအကွယ်ပေးရေး ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ပြည့်မီစေရန် အဆင့်အမျိုးမျိုးကိုလည်း ဖော်ပြထားပါသည်။ထို့အပြင် အောက်ပါ တို့ကိုလည်း ရည်ရွယ်ပါသည်။

က။ EQMM ၏ ဆောင်ရွက်ချက်နှင့် လှုပ်ရှားမှုများတွင် တိုက်ရိုက် (သို့) သွယ်ဝိုက် ပါဝင်နေ သော ကလေးများ၏ အခွင့်အရေးကို ကာကွယ်ရန်။

ခ။ ဂန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နှင့် ထိတွေ့ပတ်သတ်နေသော ကလေးများကို လေးလေးစားစား၊ ဂုဏ်သိက္ခာရှိရှိ ဆက်ဆံ ပြီး အကာအကွယ်ပေးကာ အန္တရာယ်မဖြစ်စေရန် စောင့်ရှောက်မှု ရှိမရှိကို သေသေချာချာ သုံးသပ်ရမည်။

## ၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

က။ ***ကလေး*** - ဤမူဂါဒအောက်တွင် ကလေးဆိုသည်မှာ အသက် ၁၈နှစ်အောက်ကို ဆိုလိုသည်။

ခ။ ***ကလေးသူငယ် အကာအကွယ်ပေးခြင်း*** - ယင်းသည် ကလေးသူငယ်များကို ညှင်းပန်း နှိပ်စက်ခြင်း နှင့် ခေါင်းပုံဖြတ် အကျိုးအမြတ်ထုတ်ခြင်းပုံစံမျိုးစုံမှ ကာကွယ်စောင့်ရှောက် သည့် လုပ်ဆောင်မှုများကို ဆိုလိုသည်။

ဂ။ ***ကလေးသူငယ် ညှင်းပန်းနှိပ်စက်ခြင်း*** - ကလေး၏ လုံခြုံရေး၊ သာယာကောင်းမွန်ရေး၊ ဂုဏ်သိက္ခာ နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်စေသည့် တမင်တကာ ရည်ရွယ်သည့် ညှင်းပန်းနှိပ်စက်မှုကို ဆိုလိုသည်။ ယင်းတွင် အောက်ပါတို့ ပါဂင်နိုင်သည်။

- *ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှု* - ကလေး၏ ခန္ဓာကိုယ်ကို ရုပ်ပိုင်းဆိုင်ရာအရ နှိပ်စက် ခြင်းဖြစ်သည်။ယင်းတို့တွင် ကန့်သတ်ထားခြင်းမရှိသော်လည်း ရိုက်ခြင်း၊ လှုပ်ခါ ခြင်း၊ ပစ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ လောင်ကျွမ်းစေခြင်း၊ ရေနွေးလောင်ခြင်း၊ ရေနစ် ခြင်း၊ အသက်ရှုကျပ်စေခြင်း နှင့် အခြား ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုတို့ ပါဂင်သည်။ တမင်တကာ ရည်ရွယ်၍ဖြစ်စေ၊ မဆင်မခြင် ပြုလုပ်၍ဖြစ်စေ (သို့) ထိခိုက်မှု ဖြစ်မည်ကို သိလျက်နှင့် ရည်ရွယ်ချက်ရှိရှိဖြင့် စောင့်ကြည့်လျှင်ဖြစ်စေ အားလုံးအကျုံးဂင်သည်။
- *လျစ်လျူရှုခြင်း* - ကလေးငယ်၏ အခြေခံ ရုပ်ပိုင်းဆိုင်ရာ နှင့် / သို့ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အမြဲတစေ (သို့) ဆိုးဆိုးရွားရွား မဖြည့်ဆည်းပေးနိုင် ခြင်းကို ဆိုလိုသည်။
- *လိင်မှုဆိုင်ရာ အကြမ်းဖက်စော်ကားခြင်း* - သွေးသားရင်းချာများက လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ အရွယ်မတိုင်မီ နှင့် ဖိအားပေး လက်ထပ်စေခြင်း၊ အဓမ္မ ပြုကျင့်ခြင်း၊ ညစ်ညမ်းပုံများ / အခွေများ ရိုက်ကူးမှုတွင် ပါဂင်စေခြင်း၊ လိင်ကျေးကျွန်ပြုခြင်း စသည့် လိင်မှုဆိုင်ရာအကြမ်းဖက်မှုမျိုးစုံ ပါဂင်သည်။ ကလေးများကို လိင်မှုဆိုင်ရာ အကြမ်းဖက်စော်ကားခြင်းတွင် မဖွယ်မရာ ထိတွေ့ကိုင်တွယ်မှု (သို့) ဖော်ပြမှု ၊ ညစ်ညမ်းသည့် လိင်မှုဆိုင်ရာ စကားလုံးများ သုံးနှုန်းခြင်း နှင့် ညစ်ညမ်းပုံများ/ အခွေများ ပြသခြင်းတို့လည်း ပါဂင်သည်။
- *စိတ်ခံစားမှုအလျောက် မလျော်မကန် ပြုမူဆက်ဆံခြင်း* - အရက်တကွဲ အကျိုးနည်း ဖြစ်စေခြင်း နှင့် သိက္ခာချခြင်းတို့ အပါအဂင် အမည်ဆိုးတပ်၍ ခေါ်ခြင်း၊ အမြဲတစေ ဂေဖန် ခြင်း၊ သိမ်ငယ်စေခြင်း၊ အမြဲ အရှက်ခွဲခြင်း၊ တစ်ဦး တည်း ပိတ်လှောင်ထားခြင်း နှင့် အထီးကျန်စေခြင်းတို့လည်း ပါဂင်သည်။ ဖော်ပြ ပါ ဖြစ်ရပ်များသည် ကလေးများ၏ အမူအကျင့်နှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု ကို လည်း ဆိုးဆိုးရွားရွား ထိခိုက်စေပြီး မိမိကိုယ်မိမိ သိမ်ငယ်စေသည်။ စိတ်ခံစားမှု အလျောက် မလျော်မကန် ပြုမူဆက်ဆံခြင်းသည်လည်း ညှင်းပန်းနှိပ်စက်မှုပုံစံမျိုး စုံတွင် အပါအဂင်ဖြစ်သည်။

ဃ။ လိင်မှုဆိုင်ရာ အကျိုးအမြတ်ထုတ်ခြင်း - တစ်စုံတစ်ယောက်ကို လိင်မှုဆိုင်ရာ အကျိုးအမြတ်ထုတ်ခြင်းမှသည် ငွေကြေး၊ လူမှုရေး (သို့) နိုင်ငံရေးအရ အကျိုး အမြတ် ရှိစေပြီး လိင်မှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် အားနည်းခြင်း၊ အာဏာ မရှိခြင်း (သို့) ယုံကြည်မှုတို့ကို ခုတုံးလုပ်ပြီး စော်ကားသည့် ကြိုးစားအားထုတ်မှု ဖြစ်သည်။

## ၄။ ကျွန်ုပ်တို့၏ တန်ဖိုး၊ စည်းမျဉ်းများနှင့် ယုံကြည်မှုများ

- ကလေးသူငယ်များကို ညှဉ်းပမ်းနှိပ်စက်မှုအားလုံးသည် ကလေးသူငယ် အခွင့် အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။
- ကလေးများအားလုံးတွင် ညှဉ်းပမ်းနှိပ်စက်မှုနှင့် အကျိုးအမြတ်ထုတ်ခြင်း တို့အတွက် အကာအကွယ်ရယူနိုင်သည့် ညီမျှတသော အခွင့်အရေးရှိသည်။
- ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ပါ ကလေးများ၏ ရပိုင်ခွင့်များကို ပိုမိုရရှိစေခြင်းဖြင့် အခြေအနေကို တိုးတက်ကောင်းမွန်စေရမည်။ ယင်းတွင် ညှဉ်းပမ်းနှိပ်စက်မှုနှင့် အကျိုးအမြတ်ထုတ်ခြင်းတို့မှ လွတ်မြောက်မှုတို့လည်း ပါဝင်သည်။
- ကလေးသူငယ်များအပေါ် ညှဉ်းပမ်းနှိပ်စက်မှုကို လုံးဝ လက်မခံနိုင်ပါ။
- ကလေးသူငယ်များအတွက် အလုပ်လုပ်နေသော ကျွန်ုပ်တို့အနေဖြင့် ကလေး များကို အကာအကွယ်ပေးရန် သန္နိဋ္ဌာန်ချထားပါသည်။
- လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲအလုပ်လုပ်သည့်အခါ အဆိုပါ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အစီအစဉ်များသည် ကလေးများ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ စံချိန်စံနှုန်းအချို့နှင့် ကိုက်ညီမှုရှိရမည်။

## ၅။ အနာဂတ်တွင် ကျွန်ုပ်တို့ ဘာလုပ်မည်

ကလေးများ ကာကွယ် စောင့်ရှောက်ရေးကို ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချထားသည့် အတိုင်း အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

- *နိုးကြားအသိရှိမှု* - ဝန်ထမ်းများနှင့် အခြားသောသူများအားလုံးသည် ကလေး သူငယ်များအပေါ် ညှဉ်းပမ်းနှိပ်စက်မှုနှင့် ကလေးများအပေါ် ဖြစ်လာနိုင်သော အန္တရာယ်များကို သတိထားနိုင်ရန် ထောက်ပြရမည်။
- *တားဆီးမှု* - နိုးကြားအသိရှိမှုနှင့် အလေ့အကျင့်ကောင်းများမှတဆင့် ကလေး များအပေါ် ဖြစ်လာနိုင်သော အန္တရာယ်များကို ဝန်ထမ်းများနှင့် အခြားသောသူ များအားလုံးက လျှော့ချပေးနိုင်ရမည်။
- *အစီရင်ခံခြင်း* - ကလေးသူငယ်များ၏ လုံခြုံရေးနှင့် သက်ဆိုင်သော ပြဿနာ ရပ်များအတွက် မည်သို့လုပ်ဆောင်ရမည်ကို ဝန်ထမ်းများနှင့် အခြားသောသူ များအားလုံးက ရှင်းလင်းသေချာရမည်။
- *တုန့်ပြန်ခြင်း* - ဖြစ်နိုင်ချေရှိသော ညှဉ်းပမ်းနှိပ်စက်မှုများအတွက် ကလေးများကို အကူအညီပေး၊ အကာအကွယ်ပေးရမည်။

အစီရင်ခံခြင်း နှင့် တုန့်ပြန်ခြင်းအတွက် အထက်ဖော်ပြပါ စံချိန်စံနှုန်းများပြည့်မီစေရန် EQMM က အောက်ပါတို့ကို ဆောင်ရွက်ပါမည်။

- ပြဿနာများကို အလေးထားသုံးသပ်ဖြေရှင်းရန်။
- ပြဿနာများ၏အခြေခံအကြောင်းတရားဖြစ်သော ကလေးသူငယ်များ ကာကွယ် ရေးအတွက် အပြုသဘောဆောင်သော အဆင့်များကို လုပ်ဆောင်ရန်။
- ပြဿနာများ၏အခြေခံအကြောင်းတရားဖြစ်သော(သို့) ပြဿနာများကို တင်ပြ သော ကလေးသူငယ်များ၊ ဝန်ထမ်းများ (သို့) အခြားသောသူများကို ပံ့ပိုးကူညီ ရန်။
- စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်တွင် သင့်တော်သလို ဆောင်ရွက်ရန်၊ ထိရောက် စွာ ပူးပေါင်းဆောင်ရွက်ရန်။

- ကလေးသူငယ်များကာကွယ်ရေး လုပ်ငန်းစဉ်ကို 'ကလေးများအတွက် အကောင်းဆုံး အကျိုးကျေးဇူးကိုရှေးရှုသည့်' သဘောတရားနှင့် ဆောင်ရွက် ပါသည်။
- ကလေးများ၏ အမြင်များနှင့် ဆန္ဒများကို နားထောင်ပေးရန် နှင့် အလေးထားရန်။
- ကလေးသူငယ်များကာကွယ်ရေးအတွက် မိဘများ၊ ပြုစုစောင့်ရှောက်သူများ နှင့် / သို့ အခြား ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။
- Equality Myanmar မှဝန်ထမ်းများအားလုံးက အောက်တွင်ပူးတွဲပါရှိသော ကျင့်ဝတ် ကို လိုက်နာရန် လက်မှတ်ထိုးပြီး ကလေးသူငယ်များကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို orientation တွင် အကျဉ်းရှင်းလင်း ဖော်ပြသည်။
- သန္တိဋ္ဌန်များ ပြည့်မီစေရန် သင်တန်း၊ လေ့လာရေးအခွင့်အရေးများနှင့် ထောက်ပံ့ ကူညီမှုတို့ ပံ့ပိုးပေးပါသည်။

## ကျင့်ဝတ်

*Equality Myanmarသည် ဝန်ထမ်းများအားလုံးကို ကလေးသူငယ်များ ကာကွယ်ရေး မူဝါဒ နှင့် ကျင့်ဝတ်တို့ကို လိုက်နာပြီး ကလေးများနှင့် ငယ်ရွယ်သူများအတွက် လုံခြုံသော၊ အပြုသဘောဆောင်သော၊ အားပေးသော ပတ်ဝန်းကျင်ကောင်းကို မြင့်တင်ဖော်ဆောင် စေပါသည်။*

**EQMM ၏ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ နှင့် လုပ်အားပေးများအားလုံးသည် အောက်ပါတို့ကို လိုက်နာရမည်။**

- ကလေးများနှင့် ငယ်ရွယ်သူများကို လေးလေးစားစားဆက်ဆံပြီး သူတို့၏ စိတ်ကူးများနှင့် သဘောထားများကို တန်ဖိုးထားနားထောင်ပေးပြီး ဘဝဖြောင့်ဖြူး သာယာရေးကို အကာအကွယ်ပေးရန်။
- ကလေးများ၏ ပြုမူဆောင်ရွက်မှုတိုင်းအတွက် အပြုသဘောဆောင်သော စံပြ မော်ဒယ်များဖြစ်ရန်။
- ကလေးတစ်ဦးချင်းကို ညွှန်ကြားမှုပေးသည့်အခါ၊ လေ့ကျင့်သင်ကြားပေးသည့် အခါ အနီးတွင် နောက်လူကြီးတစ်ဦး အမြဲရှိရန်။
- ကလေးများကို စီမံခန့်ခွဲမှုသည် လုံခြုံရေးနှင့် ဘဝကောင်းစားရေးကို ထိခိုက်စေ သည်ဟု ယူဆပါက ထိုစိုးရိမ်ပူပန်မှုများ၊ ပြဿနာများ (သို့) အကြောင်းအရာ များကို မြန်မြန်တင်ပြရန်။
- ကလေးသူငယ် ကာကွယ်ရေး မူဝါဒ နှင့် ကျင့်ဝတ်များ ဖောက်ဖျက်သည်ကို သိရှိပါက သင့်လျော်ရာ ပုဂ္ဂိုလ်ထံသို့ ချက်ချင်း အကြောင်းကြားရန်။

**ကလေးသူငယ်များနှင့် ဆက်ဆံရာတွင် ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် လုပ်အားပေး များသည် အောက်ပါတို့ကို လုံးဝ မပြုလုပ်ရပါ။**

- ကလေးများကို နှိပ်စက်ခြင်း၊အနှောင့်အယှက်ပေးခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဓားစာခံပြုခြင်း။ အထူးသဖြင့် အောက်ပါတို့ကို မပြုလုပ်ရပါ။
    - ကလေးများကို ရုပ်ပိုင်းဆိုင်ရာအရ နှိပ်စက်ခြင်း။ (ဉပမာ- ရိုက်ခြင်း၊ ဆွဲဆိတ်ခြင်း)
    - မလျော်ကန်သော၊ စော်ကားသော (သို့) ထိခိုက်စေသော စကားလုံး များ အသုံးပြုခြင်း၊ အကြံပေးခြင်း။
    - အရှက်ရစေရန်၊ ကိုယ်ကျိုးနည်းစေရန်၊ သိမ်ငယ်စေရန် (သို့) နှိမ်ရန် ရည်ရွယ်ချက်ဖြင့် ပြုမူခြင်း (သို့) စိတ်ခံစားမှုအလျောက် မလျော်မကန် ပြုမူဆက်ဆံခြင်း။

- ရုပ်ပိုင်းဆိုင်ရာအရ မလျော်ကန်သော (သို့) လိင်မှုဆိုင်ရာ စော်ကားသည့် အပြုအမူ။ အထူးသဖြင့် အောက်ပါတို့ကို မပြုလုပ်ရပါ။
    - ဒေသဆိုင်ရာအယူအရ အများစုက လက်ခံသဘောတူသော်လည်း အသက်၁၈နှစ် မပြည့်သေးသူနှင့် လိင်ဆက်ဆံခြင်း။ ကလေး၏ အသက်ကို မှားယွင်းသတ်မှတ်ခြင်းသည် ကာကွယ်ခြင်း မမည်ပါ။
    - ကလေး / ကလေးများကို ၎င်းတို့နှင့်အတူ အလုပ်လုပ်သူများက ယင်း တို့အိမ်တွင် ညအိပ်ညဉ့်နေ နေစေရာတွင် ကြီးကြပ်စီမံမှုမရှိပဲ နေစေ ခြင်း (သို့) တခန်းတည်း (သို့) အိပ်ယာ တစ်ခုတည်းတွင် အိပ်စေခြင်း။
    - အိမ်သာတက်ခြင်း (သို့) အဝတ်လဲခြင်းတို့ကို ကလေးများကိုယ်တိုင် လုပ်နိုင်ပါက ခွင့်ပြုပေးခြင်း။

- ကလေးများအပေါ် တရားမဝင်ဖြစ်စေသည့်၊ မလုံခြုံစေသည့် (သို့) နိုက်စက် စော်ကားသည့် အပြုအမူများကို သည်းခံခြင်း (သို့) ပါဝင် လုပ်ဆောင်ခြင်း။
- ကလေးများအပေါ် ဂရုစိုက်ပေးသည်ဟု အမြင်ရောက်စေရန် ကလေးများနှင့် အထူးဆက်ဆံရေးများ တည်ဆောက်ခြင်း (ဥပမာ- အထူး ဆက်ဆံခြင်း၊ လက်ဆောင်ပေးခြင်း)
- ဖုန်း၊ အီးမေးလ် (သို့) လူမှုရေးကွန်ယက်များမှတဆင့် ကလေးဖြင့် ဆက်ဆံရေး တည်ဆောက်ခြင်း (သို့) ဆက်လက်အဆက်အသွယ်ပြုနေခြင်း။

ကလေးများအပေါ် နိုပ်စက်နိုင်သည့် အခွင့်အရေးများကို လျော့ချရန်နှင့် အခြေအမြစ် မရှိသော စွပ်စွဲမှုများကို ကာကွယ်ရန် EQMM ၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် လုပ်အားပေးများသည် လုပ်ဆောင်မှုအားလုံးတွင် အောက်ဖော်ပြပါ အကာအကွယ်ပေး ရေး ဆောင်ရွက်ချက်များကို အသုံးပြုရပါမည်။

- စိုးရိမ်ပူပန်မှုများ၊ ပြဿနာများ (သို့) အကြောင်းကိစ္စများကို မြန်မြန်တင်ပြ ဆွေးနွေး နိုင်ရန် ပွင့်လင်းသည့် ပတ်ဝန်းကျင်ကို တည်ဆောက်ရမည်။ ကလေးများကို ၎င်းတို့နှင့် ဆက်ဆံသည့် ဝန်ထမ်း (သို့) အခြားသူများအကြောင်း ပြောပြပြီး တစုံတရာ ပြောကြားလိုလျှင် ပြောနိုင်ကြောင်း အားပေးရမည်။
- ကလေးများကို စွမ်းအားဖြည့်ပေးရမည်။ ကလေးသူငယ်အခွင့်အရေးကို ကလေးများနှင့် ဆွေးနွေးရမည်။ မည်သည်တို့ကို လက်ခံနိုင်သည် ၊ မည်သည်တို့ကို လက်မခံနိုင် စသည်ကို ပြောပြရမည်။ ပြဿနာဖြစ်လာလျှင် မည်သို့ လုပ်နိုင်သည်ကိုလည်း ရှင်းပြပေးရမည်။
- ကလေးများကို အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများကို သတိထားပြီး ချက်ချင်း ဖြေရှင်းရမည်။ အဆိုပါ အန္တရာယ်ရှိမှုများကို လျော့ကျစေရန် အလုပ်နှင့် အလုပ်နေရာကိုလည်း စီစဉ်ရမည်။
- တာဝန်ခံမှုကို ဝန်ထမ်းများ နားလည်သဘောပေါက်ရမည်ဖြစ်ပြီး သို့မှသာ အားနည်းသော လုပ်ထုံးလုပ်နည်းများ (သို့) ဖြစ်နိုင်ချေရှိသော ညှဉ်းပမ်းမှု အပြု အမူများ ဝင်ရောက်လာနိုင်မည် မဟုတ်ပါ။
- ပဋိပက္ခများကို မျှတစွာ နှင့် လျင်မြန်စွာ ဖြေရှင်းပြီး သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများမှတဆင့် အဆိုပါ စံနှုန်းများ ချိုးဖောက်မှုကို အစီရင်ခံကာ အရေးယူ ဆောင်ရွက်ရမည်။

*ကလေးသူငယ် ကာကွယ်ရေး မူဝါဒ နှင့် ကျင့်ဝတ်များ ဖောက်ဖျက်ခြင်းသည် ကျွန်ုပ်၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာ ရောက်သည်ကို သိရှိလျက် စည်းကမ်းပိုင်းဆိုင်ရာ ရေးယူခြင်းမှသည် အလုပ်ထုတ်ခြင်း၊ ဥပဒေအရ အရေးယူခြင်း နှင့် သို့ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း နှင့် တရားစွဲဆိုခြင်းတို့နှင့် ရင်ဆိုင်ရမည်ကို နားလည်သဘော ပေါက်ပါသည်။*

| | |
|---|---|
| လက်မှတ် | |
| ရက်စွဲ | |
| အမည် | |
| ရာထူး | |